

# တရုတ်နိုင်ငံသို့ အတင်းအကြပ် ထိမ်းမြားခြင်းနှင့် ကလေး မွေးဖွားပေးခြင်းအတွက် မြန်မာအမျိုးသမီးများ လူကုန်ကူး ခံနေရမှုအခြေအနေတင်ပြသည့်အစီရင်ခံစာ အကျဉ်း

ဒီဇင်ဘာ ၂၀၁၈

JOHNS HOPKINS
BLOOMBERG SCHOOL
*of* PUBLIC HEALTH

KWAT

## Acknowledgements

This study was made possible thanks to a generous grant from the Pegasus Liberty Founda-tion, a charitable foundation based in the United States.

The lead author is W. Courtland Robinson, PhD, who has worked in the field of refugee and mi-gration research, programs, and policy since 1979, both in the United States and interna-tionally. He is an Associate Professor in the Department of International Health, Health Sys-tems Program, Johns Hopkins Bloomberg School of Public Health. He has a joint appoint-ment in the Depart-ment of Population Family and Reproductive Health and is also core fac-ulty with the Center for Humanitarian Health. Since 2010, he has bee inv olved in the estima-tion of the prevalence of, and risk factors associated with, labor and sex trafficking, force la-bor, and forced marriage in East and Southeast Asia.


The co- author is Casey Branchini who recently completed a PhD at Johns Hopkins Bloom-berg School of Public Health. Her dissertation focused on the health impact of labor rights violations against migrant workers in Kuala Lumpur, Malaysia. She received her MHS from Johns Hopkins Bloomberg School of Public Health in 2008 and also worked at the U.S. De-partment of State, Of-fice to Monitor and Combat Trafficking in Persons as a Foreign Affairs Officer.

Also contributing to the report was Lisa Weissberg (background literature review and popu-lation data for Myanmar and China and Karla Percy (qualitative data analysis). For the study team, we acknowledge La San Aung for serving as a field liaison between Johns Hopkins and KWAT in Myit-kyina and border areas. For KWAT, we acknowledge the leadership of Shirley Seng and Moon Nay Li. Field supervision of the study was provided by Awn Nang. Interview-ers included Awn Nang (Data Manager), Doi Bu Nan, Jar Latt, Kumhtat Lu Ja, Lu Mai, Yaw Lwi, Ze Tse, Jay Doi, and Nan Pyung.

Finally, we want to thank the many hundreds of people who contributed their time and their expe-riences to help us better understand the complex dynamics of migration and displacement, mar-riage, childbearing, and force and coercion that create risk and vulnerability for Myanmar women on both sides of the Myan-mar- China border.

# အကျဉ်းချုပ်

လူသားချင်းစာနာမှုကျန်းမာရေးအတွက် လူထုကျန်းမာရေး စင်တာ၏ ဂျွန်ဟော့ကင်း ဘလွန်ဘာ့ဂ်ကျောင်း သည် ၂၀၁၇ ခုနှစ်တွင် ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) နှင့် ပူးတွဲလျက် ရောနှော(ပြွန်း) နည်းနာ လေ့လာမှု (အရည်အသွေးနှင့် အရေအတွက် သုတေသနနည်းလမ်းများ ပူးပေါင်းခြင်း) တစ်ခုကို မြန်မာနိုင်ငံ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း နှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်တို့တွင် လုပ်ဆောင်ခဲ့သည်။ (ပုံ-၁ တွင်ကြည့်ပါ)။ လေ့လာမှုသည် မြန်မာနိုင်ငံ (အထူးသဖြင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်) မှ တရုတ်နိုင်ငံ (အထူးသဖြင့် ယူနန်ပြည်နယ်) သို့ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအကြား အဓမ္မ လက်ထပ်စေခြင်းနှင့် အဓမ္မကလေးရယူစေခြင်းအတွက် လူကုန်ကူးမှု အတိုင်းအတာ ခန့်မှန်းချက်ကို သာမက အတင်းအဓမ္မ၊ သွေးဆောင်ဖြားယောင်းခြင်း နှင့် လူကုန်ကူးခြင်း တို့နှင့် ပတ်သက်သော ဘေးအန္တရာယ်နှင့် ကာကွယ်မှု အကြောင်းရင်းများ အပါအဝင် ရွှေ့ပြောင်းမှု ပုံစံများကို နားလည်မှု တိုးမြင့်လာစေရန် ရှာဖွေလေ့လာသည်။ ဤလေ့လာချက်တွင် အသုံးပြုထားသော အဓိက ဝေါဟာရများ၏ အဓိပ္ပါယ် ဖွင့်ဆိုချက်များကို ဇယား ၂ တွင် ဖော်ပြထားသည်။




**ပုံ ၁။ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ အတွင်း လေ့လာမှုပြုသည့် နေရာပြ မြေပုံ**

**အဓိက ဝေါဟာရများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များ**

| ဝေါဟာရ | လေ့လာမှုတွင် အသုံးပြုထားသော လုပ်ငန်းဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက် |
|---|---|
| လက်ထပ်ခြင်း | တုန့်ပြန်ဖြေဆိုသူက ကိုယ်တိုင် အစီရင်ခံသည့်အတိုင်း လူပုဂ္ဂိုလ် နှစ်ဦး၏ တရားဝင် သို့မဟုတ် တရားမဝင် ပေါင်းစည်းခြင်း (ဆိုလိုသည်မှာ - သုတေသနသည် သက်သေခံ စာရွက်စာတမ်း သို့မဟုတ် လက်ထပ်ခြင်းအတွက် "အထောက်အထား" လိုအပ်မည်မဟုတ်ပါ) |
| အဓမ္မ လက်ထပ်စေခြင်း | အနည်းဆုံး တစ်ဦးသည် (၁) အပြစ်ပေး အရေးယူခံရမှု (သို့မဟုတ် အပြစ်ပေး အရေးယူခံရနိုင်သည့် ခြိမ်းခြောက်မှု) မရှိပဲ လက်ထပ်ခြင်းကို ငြင်းပယ်ခြင်း၊ (၂) အပြစ်ပေး အရေးယူမှု (သို့မဟုတ် အပြစ်ပေး အရေးယူခံရနိုင်သည့် ခြိမ်းခြောက်မှု) လက်မထပ်ချင်ဘူးလို့ရွေးချယ်ခွင့်မရှိခြင်း လူပုဂ္ဂိုလ် နှစ်ဦး၏ တရားဝင် သို့မဟုတ် တရားမဝင် ပေါင်းစည်းခြင်း။ အပြစ်ပေးအရေးယူမှုတွင် ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ၊ စိတ်ခံစားမှု ဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာ သို့မဟုတ် ဥပဒေကြောင်းဆိုင်ရာ အကျိုးဆက်များ ပါဝင်သည်။[1] |

[1] ဥရောပ ပါလီမန် ညီလာခံ ဆုံးဖြတ်ချက် ၁၄၆၈တွင် ပြဌာန်းထားသော အဓမ္မလက်ထပ်စေခြင်းအဓိပ္ပါယ်ဖွင့်ဆိုချက်အပေါ် အဓိက အခြေခံထားပြီး၊ နိုင်ငံတကာနှင့် မြန်မာ လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးကာ ရေးဆွဲထားခဲ့သည်။ အဓမ္မ လက်ထပ်စေခြင်းများနှင့် ကလေးလက်ထပ်ခြင်းများ (၂၀၀၅) အောက်ပါ လင့်ခ်တွင် ကြည့်နိုင်သည်။ http://assembly.coe.int/nw/xml/xref/xref-xml2html-en.asp?fileid=17380 [၂၀၁၈ ခုနိုဝင်ဘာ ၁ ရက်နေ့တွင် ကြည့်ရှုထားသည်။]

| | |
|---|---|
| ကလေးရယူခြင်း | ကလေးမွေးခြင်းရလာဒ်နှင့် မသက်ဆိုင်ပဲ ကိုယ်ဂန်ရှိသည့် အနေအထား။ |
| အဓမ္မ ကလေး ရယူစေခြင်း | အမျိုးသမီး၏ သဘောတူညီချက်ဖြင့် ဖြစ်ပွားသော လိင်ဆက်ဆံမှု သို့မဟုတ် ကိုယ်ဂန်ဆောင်မှု နှင့် မသက်ဆိုင်ပဲ အဓမ္မ လက်ထပ်ခြင်းတွင် ဖြစ်ပေါ်သော မည်သည့် ကိုယ်ဂန်ဆောင်မှုမဆို၊ |
| လူကုန်ကူးခြင်း | အမြတ်ထုတ်ရန် ရည်ရွယ်ချက်ဖြင့် ခြိမ်းခြောက်ခြင်း သို့မဟုတ် အင်အားသုံးခြင်း သို့မဟုတ် အခြား ဖြားယောင်းခြင်း၊ လိမ်လည်ခြင်း၊ သွေးဆောင်ခြင်း၊ အာဏာ သို့မဟုတ် အွန္တရာယ် ကြုံနိုင်သော အခြေအနေကို အလွဲသုံးခြင်း သို့မဟုတ် ငွေကြေး တစ်စုံတစ်ရာ ပေးခြင်း သို့မဟုတ် ယူခြင်း သို့မဟုတ် အခြားသူတစ်ဦးကို ထိန်းချုပ်မှု ရရှိထားသော လူတစ်ဦး၏ သဘောတူညီချက်ကို ရရှိအောင် အကျိုးရှိစေခြင်း စသည့် ပုံစံများ ဖြင့် လူပုဂ္ဂိုလ်များကို စုဆောင်းခြင်း၊ သယ်ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ထိန်းသိမ်းထားခြင်း သို့မဟုတ် လက်ခံခြင်း။[2]<br><br>ပြင်ဆင်ချက် - အမြတ်ထုတ်ရန် ရည်ရွယ်ချက်ဖြင့် ခြိမ်းခြောက်ခြင်း၊အင်အားသုံးခြင်း ၊အခြား ဖြားယောင်း လိမ်လည်ခြင်း၊ သွေးဆောင်ခြင်း၊ အာဏာ ၊အွန္တရာယ် ကြုံနိုင်သော အခြေအနေကို အလွဲသုံးခြင်း ၊ ငွေကြေး တစ်စုံတစ်ရာ ပေးခြင်း၊ ယူခြင်း သို့မဟုတ် အခြားသူတစ်ဦးကို ထိန်းချုပ်မှု ရရှိထားသော လူတစ်ဦး၏ သဘောတူညီချက်ကို ရရှိအောင် အကျိုးရှိစေခြင်း စသည့် ပုံစံများ ဖြင့် လူပုဂ္ဂိုလ်များကို စုဆောင်းခြင်း၊ သယ်ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ထိန်းသိမ်းထားခြင်း သို့မဟုတ် လက်ခံခြင်း။ [3] |

လေ့လာမှုသည် အောက်ပါ ဇယား ၃ တွင် ဖော်ပြထားသော အရေအတွက် နှင့် အရည်အသွေး ပေါင်းစပ်မှုကို အသုံးပြုထားသည်။

[2] ကုလသမဂ္ဂ အထွေထွေညီလာခံ၊ လူပုဂ္ဂိုလ်များ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးများအား လူကုန်ကူးခြင်းအား တားဆီးခြင်း၊ ဖိနှိပ်ခြင်း နှင့် အပြစ်ပေးခြင်း လုပ်ထုံးလုပ်နည်း။ ကုလသမဂ္ဂ နိုင်ငံဖြတ်ကျော် စနစ်တကျ လုပ်ဆောင်သော ရာဇဝတ်မှုအား ဆန့်ကျင်သည့် သဘောတူစာချုပ် ဖြည့်စွက်ချက်၊ ၂၀၀၀ ခု နိုဝင်ဘာလ ၁၅ ရက်။ အောက်ပါလင့်ခ်တွင် ရနိုင်သည်။ http://www.refworld.org/docid/4720706c0.html [၂၀၁၈ အောက်တိုဘာ ၂၂ ရက်က ကြည့်ရှုသည်)

[3]ကုလသမဂ္ဂ အထွေထွေညီလာခံ၊ လူပုဂ္ဂိုလ်များ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးများအား လူကုန်ကူးခြင်းအား တားဆီးခြင်း၊ ဖိနှိပ်ခြင်း နှင့် အပြစ်ပေးခြင်း လုပ်ထုံးလုပ်နည်း။ ကုလသမဂ္ဂ နိုင်ငံဖြတ်ကျော် စနစ်တကျ လုပ်ဆောင်သော ရာဇဝတ်မှုအား ဆန့်ကျင်သည့် သဘောတူစာချုပ် ဖြည့်စွက်ချက်၊ ၂၀၀၀ ခု နိုဝင်ဘာလ ၁၅ ရက်။ အောက်ပါလင့်ခ်တွင် ရနိုင်သည်။ http://www.refworld.org/docid/4720706c0.html [၂၀၁၈ အောက်တိုဘာ ၂၂ ရက်က ကြည့်ရှုသည်)

## လေ့လာမှု နည်းလမ်း

| အရည်အသွေး | | အရေအတွက် | |
|---|---|---|---|
| အဓိက သတင်းပေး အင်တာဗျူး များ (KIIs) (အရေအတွက်=၁၉) | အသေးစိတ် အင်တာဗျူးများ (IDIs) (အရေအတွက်=၂၈) | အိမ်ထောင်စု စစ်တမ်းများ (အရေအတွက်=၃၉၄) | လူထု အဓိက သတင်းပေး ခန့်မှန်းချက် (CKIE) အင်တာဗျူးများ (အရေအတွက်=၁၁၈) |
| လေ့လာမှု အောက်ရှိ ခေါင်းစဉ်များအပေါ် ထူးခြားစွာ သိထားသည့် လူပုဂ္ဂိုလ်များ (ဆိုလိုသည်မှာ- တရုတ်နိုင်ငံတွင် မြန်မာအမျိုးသမီးများ အကြား လက်ထပ်ခြင်းနှင့် ကလေးရယူခြင်း အတွေ့အကြုံများ) | (က) တရုတ်နိုင်ငံတွင် တရုတ်ယောကျ်ားတစ်ဦးနှင့် လွန်ခဲ့သည့် ငါးနှစ်အတွင်းတွင် လက်ထပ်ခြင်း နှင့်/သို့ ကလေးရယူခြင်း အတွေ့အကြုံရှိခဲ့သော (အသက် ၁၈-၅၅ နှစ်ကြား) မြန်မာ အမျိုးသမီးများ (အရေအတွက်=၁၇) (ခ) ဤသတ်မှတ်ချက်နှင့် ကိုက်ညီသော လူပုဂ္ဂိုလ်များ၏ မိတ်ဆွေများနှင့် ဆွေမျိုးများကိုလည်း လေ့လာမှု၏ အစိတ်အပိုင်းအဖြစ် အင်တာဗျူး မေးမြန်းထားသည်။ (အရေအတွက်=၁၁) | တရုတ်နိုင်ငံသို့ ရွှေ့ပြောင်းခဲ့သည့် မြန်မာနိုင်ငံတွင် မွေးဖွားခဲ့ပြီး တရုတ်နိုင်ငံတွင် တရုတ်ယောကျ်ားတစ်ဦးနှင့် လွန်ခဲ့သည့် ငါးနှစ်အတွင်းတွင် လက်ထပ်ခြင်း နှင့်/သို့ ကလေးရယူခြင်း အတွေ့အကြုံရှိခဲ့သော သော အသက် ၁၅-၅၅ နှစ်အတွင်းရှိ အမျိုးသ မီးများ။ | သူတို့၏ အသိုင်းအဝိုင်းတွင် မြန်မာ အမျိုးသမီးနှင့် မိန်းကလေးငယ်များ ရှိခြင်း သို့မဟုတ် မရှိခြင်းကို သိသည်ဟု ယုံကြည်ရသော လေ့လာမှု နေရာများရှိ အရွယ်ရောက်ပြီး သူများ။ |

ကွင်းဆင်းလုပ်ငန်းများကို မြန်မာနိုင်ငံ ကချင်ပြည်နယ် (အရေအတွက်=၁၅) နှင့် ရှမ်းပြည်နယ် မြောက်ပိုင်း (အရေအတွက်=၅) နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် တဲ့ဟုန် ရှမ်းနှင့် ကချင် (ဒိုင်နှင့် ဂျင်းဖော) ကိုယ်ပိုင်အုပ်ချုပ်ရေး ဒေသ (အရေအတွက်= ၁၅) တွင် နေရာ ၄၀ တွင် ၂၀၁၇ ခုနှစ် ဖွန်လ မှ ၂၀၁၈ ခုနှစ် ဧပြီလအထိ ကာလအတွင်း လုပ်ဆောင်ခဲ့သည်။ လေ့လာမှုကို လူထုကျန်းမာရေး ဆိုင်ရာ ဂျွန်ဟော့ပ်ကင်း ဘလွန်ဘာဂ် ကျောင်းမှ အဖွဲ့အစည်းဆိုင်ရာ သုံးသပ်ရေး ဘုတ်အဖွဲ့ (IRB) နှင့် မြန်မာနှင့် တရုတ်နိုင်ငံရှိ ဒေသဆိုင်ရာ ကျင့်ဝတ် သုံးသပ်ရေး ကော်မတီများက အတည်ပြုခဲ့သည်။

ဤအစီရင်ခံစာသည် လေ့လာမှု၏ အဓိက တွေ့ရှိချက်များကို ကဏ္ဍသုံးခုအဖြစ် ဖွဲ့စည်းထားသည်။ (က) အဓမ္မလက်ထပ်စေခြင်း၊ အဓမ္မကလေးရယူစေခြင်းနှင့် အဓမ္မလက်ထပ်စေခြင်းအတွက် လူကုန်ကူးခြင်း၏ ကျယ်ပြန့်မှုအတိုင်းအတာ၊ (ခ) ၂၀၁၇ ခုနှစ်ကာလတွင် တရုတ်နိုင်ငံတွင် အဓမ္မ လက်ထပ်မှုများအတွင်း ရှိနေသောသူ သို့မဟုတ် ၂၀၁၃ မှ ၂၀၁၇ အကြား တရုတ်နိုင်ငံမှ ပြန်လာသော ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းမှ ရွှေပြောင်း အမျိုးသမီး ခန့်မှန်း ဦးရေ၊ နှင့် (ဂ) အဓမ္မ လက်ထပ်ခြင်းများ ဖြစ်ပွားစေသော အကြောင်းရင်းများနှင့် ဘေးအန္တရာယ်ဖြစ်စေသော အကြောင်းအရာများ။

## က။ ဖြစ်ပွားမှုနှုန်း

အောက်ပါ ဇယား ၄ တွင် အစောပိုင်းက ဖော်ပြထားခဲ့သော လေ့လာမှု၏ အဓမ္မလက်ထပ်ခြင်း အဓိပ္ပါယ် ဖွင့်ဆိုချက်ကို အသုံးပြု၍ ရေးဆွဲထားသော အဓမ္မ လက်ထပ်ခြင်း တည်ဆောက်မှုအပေါ် ခွဲခြမ်းစိတ်ဖြာမှုအား ပေးထားသည်။ **တုန့်ပြန်သူ ၃၉ ၄ ဦးတွင် စုစုပေါင်း ၁၅၇ ဦး (၃၉ .၈%) က အဓမ္မလက်ထပ်မှုကို ကြုံတွေ့ခဲ့ရသည်။** သုံးပုံတစ်ပုံခန့် (အရေအတွက်=၁၃၁) သည် ပူးပေါင်းမှု ဖြစ်တည်ချိန်တွင် လက်ထပ်မှုကို ငြင်းဆိုနိုင်ခြင်း မရှိကြပဲ ၁၄.၂ ရာနှုန်း (အရေအတွက်=၅၆) မှာ ခြိမ်းခြောက်မှု သို့မဟုတ် အပြစ်ပေးခံရမည့် ဘေးအန္တရာယ် မရှိပဲ လက်ထပ်မှုမှ ခွဲမထွက်နိုင်ခဲ့ကြပေ။ မှတ်သားသင့်သည်မှာ တုန့်ပြန်သူများအနက် (တရုတ်ပြည်မှ ပြန်လာပြီးနောက်တွင်) အင်တာဗျူး မေးမြန်းခဲ့သော ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းမှ အမျိုးသမီးများ၏ ၅၆.၄% (အရေအတွက်=၁၁၀) သည် အဓမ္မ လက်ထပ်ခြင်းနှင့် ကြုံတွေ့ခဲ့ရသည်။ နှိုင်းယှဉ်ချက်အရ တရုတ်ပြည်တွင် အင်တာဗျူး မေးမြန်းသော အမျိုးသမီးများ၏ ၂၃.၆% (အရေအတွက်=၄၇) တွင် အလားတူရှိသည်။ ယင်းသည် ပြန်လာသူများက (တရုတ်နိုင်ငံတွင် နေထိုင်နေဆဲ အမျိုးသမီးများနှင့် နှိုင်းယှဉ်ပါက) သူတို့၏ ထိုအတွေ့အကြုံများကို ပိုမိုပွင့်လင်းစွာ ပြောဆိုရန် ခံစားရသည် သို့မဟုတ် တရုတ်နိုင်ငံတွင် အဓမ္မလက်ထပ်ခြင်းကို တွေ့ကြုံရခြင်းသည် မြန်မာနိုင်ငံသို့ ပြန်လာရသည့် အကြောင်းရင်း တစ်ခု ဖြစ်နိုင်ကြောင်း ညွှန်ပြနေသည်။

**ဇယား ၁။ တရုတ်နိုင်ငံတွင် အဓမ္မ လက်ထပ်ခြင်း**

| လိုင်း | အညွှန်း | မြန်မာနိုင်ငံတွင် မေးမြန်းခြင်း (အရေအတွက်=195) (%) | | | တရုတ်နိုင်ငံတွင် မေးမြန်းခြင်း (အရေအတွက်=199) (%) | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| | | ကချင်ပြည်နယ် [a] (n=၁၄၈) | ရှမ်းပြည်နယ် [a] (n=၄၇) | စုစုပေါင်း (n=၁၉၅) | ကချင်ပြည်နယ်မှ [b] (n=၉၂) | ရှမ်းပြည်နယ်မှ [b] (n=၁၀၆) | နေရာမသိ [b] (n=၁) | စုစုပေါင်း (n=၁၉၉) | (N=၃၉၄) (%) |
| က | **ခြိမ်းခြောက်မှု သို့မဟုတ် အပြစ်ပေးခံရမည်ကို စိုးရိမ်မှုကြောင့် ပူးပေါင်းမှု ဖြစ်တည်ချိန်တွင် လက်ထပ်မှုကို ငြင်းဆိုနိုင်ခြင်း မရှိ (အရေအတွက်=၁၃၁)** | ၉၆ (၆၄.၉) | ၅ (၁၀.၆) | ၁၀၁ (၅၁.၈) | ၂၁ (၂၂.၈) | ၉ (၈.၅) | ၀ (၀.၀) | ၃၀ (၁၅.၁) | ၁၃၁ (၃၃.၂) |
| ခ | **နောက်ဆက်တွဲအနေဖြင့် ခြိမ်းခြောက်မှု သို့မဟုတ် အပြစ်ပေးခံရမည်ကို စိုးရိမ်မှုမရှိပဲ ထွက်ခွာနိုင်ခြင်းမရှိ** (အရေအတွက်=၅၆) | ၂၂ (၁၄.၉) | ၄ (၈.၅) | ၂၆ (၁၃.၃) | ၂၂ (၂၃.၉) | ၈ (၇.၅) | ၀ (၀.၀) | ၃၀ (၁၅.၁) | ၅၆ (၁၄.၂) |
| ဂ[c] | **အဓမ္မ လက်ထပ်ခြင်း စုစုပေါင်း** (အရေအတွက်=၁၅၇) | ၁၀၂ (၆၈.၉) | ၈ (၁၇.၀) | ၁၁၀ (၅၆.၄) | ၃၄ (၃၇.၀) | ၁၃ (၁၂.၃) | ၀ (၀.၀) | ၄၇ (၂၃.၆) | ၁၅၇ (၃၉.၈) |
| ဃ | **အဓမ္မ လက်ထပ်မှု မရှိသော စုစုပေါင်း** (အရေအတွက်=၂၃၇) | ၄၆ (၃၁.၁) | ၃၉ (၈၃.၀) | ၈၅ (၄၃.၆) | ၅၈ (၆၃.၀) | ၉၃ (၈၇.၇) | ၁ (၁၀၀.၀) | ၁၅၂ (၇၆.၄) | ၂၃၇ (၆၀.၂) |
| င[d] | **အားလုံး စုစုပေါင်း** (N=394) | *၁၄၈ (၁၀၀.၀)* | *၄၇ (၁၀၀.၀)* | *၁၉၅ (၁၀၀.၀)* | *၉၂ (၁၀၀.၀)* | *၁၀၆ (၁၀၀.၀)* | *၁ (၁၀၀.၀)* | *၁၉၉ (၁၀၀.၀)* | *၃၉ ၄ (၁၀၀.၀)* |

[a] အင်တာဗျူး မေးမြန်းမှု တည်နေရာကို ရည်ညွှန်းသည်

[b] တုန့်ပြန်သူ၏ မြန်မာနိုင်ငံတွင် မွေးဖွားခဲ့သော ပြည်နယ်ကို ရည်ညွှန်းသည်

[c] လိုင်း ဂ သည် လိုင်း က နှင့် လိုင်း ခ ၏ တိုက်ရိုက် ပေါင်းထားခြင်းကို ကိုယ်စားပြုခြင်းမဟုတ်ပါ။ အဓမ္မလက်ထပ်မှု သတ်မှတ်ချက်များ ထပ်နေ၍ ဖြစ်သည်။

[d] လိုင်း င သည် လိုင်း ဂ နှင့် လိုင်း ဃ တို့ ပေါင်းထားခြင်း ရလာဒ် ဖြစ်သည်။

အောက်ပါ ဇယား ၂ သည် နမူနာ လူဦးရေ အတွင်းတွင် အဓမ္မလက်ထပ်ခြင်းအတွက် လူကုန်ကူးမှု၏ မိမိတို့၏ ခန့်မှန်းချေ ဖြစ်သည်။ လူကုန်ကူးမှု တည်ဆောက်မှု၏ ဤ အစိတ်အပိုင်းအတွက် လိုအပ်ချက် ပြည့်မီစေရန် (ဥပမာ- ဖြစ်စဉ်) တုန့်ပြန်သူသည် အောက်ဖော်ပြပါ သတ်မှတ်ချက် ၅ ခုအတွင်းမှ အနည်းဆုံး တစ်ခုကို "မှန်သည်" ဟု ဖြေဆိုရမည်။

- မိမိ၏ လွတ်လပ်သော ဆန္ဒအလျောက် နယ်စပ်ကို ဖြတ်ကူးခဲ့ခြင်းမဟုတ်ပဲ အခြား တစ်စုံတစ်ယောက်၏ ဆုံးဖြတ်ချက်ဖြင့်သာ လုပ်ခဲ့ခြင်းဖြစ်သည်။ (မိသားစုဝင်များမပါ)၊
- တစ်စုံတစ်ယောက်၏ အကြံပေးချက်ပေါ် အခြေခံလျက် ထွက်ခွာရန် ဆုံးဖြတ်ခဲ့သည်။ (မိသားစုဝင်များမပါ)၊
- တရုတ်ပြည်သို့ သွားသော ခရီးစဉ်အတွင်း အချိန်အများစုကို လူစုဆောင်းသူ သို့မဟုတ် ပွဲစားနှင့် အတူရှိခဲ့သည်၊
- တရုတ်နိုင်ငံ ရည်မှန်းချက်နေရာကို ရောက်ရှိရန် လူစုဆောင်းသူ သို့မဟုတ် ပွဲစားနှင့်အတူ ခရီးသွားခဲ့သည်၊ နှင့်/သို့
- သူတို့၏ လက်ထပ်မှုကို အမျိုးမတော်သော အရွယ်ရောက်သူ တစ်ဦးက စီစဉ်ခဲ့သည်။

အဓမ္မလက်ထပ်ခြင်း အခြေအနေများအတွင်း တုန့်ပြန်သူ ၁၅၇ ဦးအနက် **၁၀၃ (၆၅.၆%) ဦးသည် လူစုဆောင်းသူ သို့မဟုတ် ပွဲစားကို အသုံးပြုခဲ့ရာ အဓမ္မလက်ထပ်ခြင်းအတွင်းသို့ လူကုန်ကူးခံရခြင်း သတ်မှတ်ချက်နှင့် ကိုက်ညီသည်။**
အောက်ပါ ဇယား ၂ တွင် မြင်ရသည့်အတိုင်း နှိုင်းယှဉ်ပါက တရုတ်နိုင်ငံမှ ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း သို့ ပြန်လာသော အမျိုးသမီးများ (၄၃.၁%၊ အရေအတွက်=၈၄) အတွင်း အဓမ္မလက်ထပ်ခြင်းအတွက် ကုန်ကူးခံရခြင်း အတိုင်းအတာသည် တရုတ်နိုင်ငံတွင် အင်တာဗျူး မေးမြန်းခဲ့သော မြန်မာနိုင်ငံမှ အမျိုးသမီးများ (9.5%၊ အရေအတွက်=၁၉ ) ထက်ပိုမိုကြီးမားသည်။

**ဇယား ၂။ တရုတ်နိုင်ငံတွင် အဓမ္မလက်ထပ်ခြင်းအတွက် ကုန်ကူးခံရခြင်း**

| လိုင်း a | အညွှန်း | မြန်မာနိုင်ငံတွင် မေးမြန်းသူ (အရေအတွက်=၁၉၅) (%) | | | တရုတ်နိုင်ငံတွင် မေးမြန်းသူ (အရေအတွက်=၁၉၉) (%) | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| | | ကချင်ပြည်နယ် a (n=၁၄၈) | ရှမ်း ပြည်နယ် a (n=၄၇) | စုစုပေါင်း (n=၁၉၅) | ကချင်ပြည်နယ် b (n=၉၂) | ရှမ်းပြည်နယ် b (n=၁၀၆) | ရင်းမြစ်မသိ b (n=၁) | စုစုပေါင်း (n=၁၉၉) | (N=၃၉၄) (%) |
| က | **အဓမ္မလက်ထပ်စေခြင်း ခံရသော်လည်း လူကုန်ကူးမခံရသူ စုစုပေါင်း** (အရေအတွက်=၅၄) | ၂၂ (၁၄.၉) | ၄ (၈.၅) | ၂၆ (၁၃.၃) | ၁၉ (၂၀.၇) | ၉ (၈.၅) | ၀ (၀.၀) | ၂၈ (၁၄.၁) | ၅၄ (၁၃.၇) |
| ခ | **အဓမ္မ လက်ထပ်စေခြင်း ခံရပြီး လူကုန်ကူး ခံရသူ စုစုပေါင်း** (အရေအတွက်=၁၀၃) | ၈၀ (၅၄.၁) | ၄ (၈.၅) | ၈၄ (၄၃.၁) | ၁၅ (၁၆.၃) | ၄ (၃.၈) | ၀ (၀.၀) | ၁၉ (၉.၅) | ၁၀၃ (၂၆.၁) |
| ဂ | **လူကုန်ကူးခြင်း သို့မဟုတ် အဓမ္မ လက်ထပ်စေခြင်း မခံရသူ စုစုပေါင်း** (အရေအတွက်=၂၃၇) | ၄၆ (၃၁.၁) | ၃၉ (၈၃.၀) | ၈၅ (၄၃.၆) | ၅၈ (၆၃.၀) | ၉၃ (၈၇.၇) | ၁ (၁၀၀.၀) | ၁၅၂ (၇၆.၄) | ၂၃၇ (၆၀.၂) |
| ဃ | **စုစုပေါင်း** (အရေအတွက်=၃၉၄) | *၁၄၈ (၁၀၀.၀)* | *၄၇ (၁၀၀.၀)* | *၁၉၅ (၁၀၀.၀)* | *၉၂ (၁၀၀.၀)* | *၁၀၆ (၁၀၀.၀)* | *၁ (၁၀၀.၀)* | *၁၉၉ (၁၀၀.၀)* | *၃၉၄ (၁၀၀.၀)* |

အောက်ပါ ဇယား ၃ သည် အဓမ္မ ကလေးရယူစေခြင်း သာမက အဓမ္မ ကလေးရယူစေခြင်းအတွက် လူကုန်ကူးခံရသော အတွေ့အကြုံရှိသည့် တုန့်ပြန်သူများ၏ အချိုးကို ဖော်ပြထားသည်။ စုစုပေါင်း တုန့်ပြန်သူ ၃၀၆ (၇၇.၇%) ဦးသည် သူတို့၏ လက်ရှိ သို့မဟုတ် အနီးဆုံး ယခင်က တရုတ်ခင်ပွန်းဖြစ်သူနှင့် (လွန်ခဲ့သည့် ငါးနှစ်အတွင်းတွင်) ကလေးတစ်ဦး ရယူခဲ့ပြီး တုန့်ပြန်သူ ၁၁၉ (၃၀.၂%) ဦးသည် တရုတ်ယောက်ျားနှင့် အဓမ္မ လက်ထပ်ထားစဉ် ကလေးရရှိခဲ့ကြောင်း ပြောပြသဖြင့် လေ့လာမှု၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ဖြစ်သော အဓမ္မ ကလေးရယူစေမှု ခံရခြင်းနှင့် ကိုက်ညီသည်။

**ဇယား ၃။ အဓမ္မကလေးရယူစေခြင်းနှင့် အဓမ္မကလေးရယူစေခြင်းအတွက် လူကုန်ကူးခံရခြင်း**

| ပြောင်းလဲနိုင်မှုများ | မြန်မာနိုင်ငံတွင် မေးမြန်းခြင်း (အရေအတွက်=၁၉၅) အရေအတွက် (%) | | | တရုတ်နိုင်ငံတွင် မေးမြန်းခြင်း (အရေအတွက်=၁၉၉) အရေအတွက် (%) | | | စုစုပေါင်း (N=၃၉၄) N (%) |
|---|---|---|---|---|---|---|---|
| | တချင်း ပြည်နယ် [a] (အရေအတွက်=၁၄၈) | ရှမ်း ပြည်နယ် [a] (အရေအတွက်=၄၇) | စုစုပေါင်း (အရေအတွက်=၁၉၅) | တချင်း ပြည်နယ် [b] (အရေအတွက်=၉၂) | ရှမ်း ပြည်နယ် [b] (အရေအတွက်=၁၀၆) | စုစုပေါင်း (အရေအတွက်=၁၉၉) | |
| လွန်ခဲ့သည့် ငါးနှစ် အတွင်း လက်ရှိ သို့မဟုတ် အနီးဆုံး ခင်ပွန်းနှင့် ရရှိသော ကလေး | ၉၉ (၆၆.၉) | ၄၂ (၈၉.၄) | ၁၄၁ (၇၂.၃) | ၇၈ (၈၄.၈) | ၈၆ (၈၁.၁) | ၁၆၅ (၈၂.၉) | ၃၀၆ (၇၇.၇) |
| ***အဓမ္မကလေးရယူစေခြင်း အတွေ့အကြုံ ရှိခဲ့သူ*** | ၆၇ (၄၅.၃) | *၈ (၁၇.၀)* | ၇၅ (၃၈.၅) | *၃၂ (၃၄.၈)* | *၁၂ (၁၁.၃)* | *၄၄ (၂၂.၁)* | *၁၁၉ (၃၀.၂)* |
| ***အဓမ္မကလေးရယူစေခြင်းအတွက် လူကုန်ကူးခံရသူ*** | *၅၈ (၃၉.၂)* | *၄ (၈.၅)* | *၆၄ (၃၂.၈)* | *၂၇ (၂၉.၃)* | *၉ (၈.၅)* | *၃၆ (၁၈.၁)* | *၁၀၀ (၂၅.၄)* |

ဤလေ့လာမှုတွင် မှတ်တမ်းတင်ထားသော တရုတ်နိုင်ငံသို့ ရွှေ့ပြောင်းမှု နှင့် တရုတ်ယောက်ျားများအား လက်ထပ်မှု နှုန်းများသည် မြန်မာနှင့် တရုတ်အစိုးရများ အစီရင်ခံထားသော ပုံမှန် အတိုင်းအတာအထက် ကျော်လွန်နေခြင်းသည် အရာအများအပြားကို ညွှန်းပြနေသည်။ ပထမဆုံးအနေဖြင့် တရုတ်နိုင်ငံသို့ ရွှေ့ပြောင်းသူများ၏ အများစုကြီးမှာ တရားမဝင်လမ်းကြောင်းများမှတဆင့်ဖြစ်ပြီး စာရင်းသွင်းခြင်းမရှိပေ။ ဒုတိယအားဖြင့် တရားဝင် စာရင်းဇယားများသည် တရုတ်နိုင်ငံသို့ ရွှေ့ပြောင်းသော အတိုင်းအတာ၊ တရုတ်ယောက်ျားများအား လက်ထပ်ထားသော မြန်မာနိုင်ငံမှ အမျိုးသမီး ဦးရေ၊ သာမက အဓမ္မလက်ထပ်ခြင်းများနှင့် အဓမ္မ ကလေးရယူစေခြင်းခံရသော သားကောင်များ၏ အရေအတွက်တို့ကို သိသာထင်ရှားစွာ လျော့နည်းတွက်ချက်ထားခြင်းကြောင့် ဖြစ်နိုင်သည်။

## ၁။ လူဦးရေ ခန့်မှန်းချက်များ

မိမိတို့၏ အိမ်ထောင်စုစစ်တမ်းမှ လွှမ်းမိုးနေသော အချက်အလက်များကို အသုံးပြုခြင်းနှင့် မိမိတို့၏ လူထု အဓိက သတင်းပေးသူ ခန့်မှန်းချက် (CKIE) အင်တာဗျူးများ မှသာမက မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံမှ လူဦးရေ သန်းခေါင်စာရင်း အချက်အလက်များနှစ်ခုစလုံးမှ ရရှိလာသော လူဦးရေ တွက်ချက် ခန့်မှန်းချက်များအရ


[a] အင်တာဗျူး လုပ်သော နေရာကို ရည်ညွှန်းသည်။
[b] မြန်မာနိုင်ငံရှိ တုန့်ပြန်သူ၏ မွေးဖွားသော ပြည်နယ်ကို ရည်ညွှန်းသည်။

မိမိတို့ လေ့လာမှု နေရာမှ အချက်အလက်များသည် ပိုမိုကျယ်ပြန့်သော အုပ်ချုပ်ရေး နယ်မြေများအတွက် အသုံးပြုနိုင်မည်ဟူသော ယူဆချက်အပေါ် အခြေခံ၍ မိမိတို့သည် လူဦးရေ ခန့်မှန်းချက် အများအပြားကို လုပ်ဆောင်ခဲ့သည်။ဇယား၃တွင်လေ့လာမှုတလွှားရှိအဓမ္မလက်ထပ်စေခြင်းနှင့်အဓမ္မကလေးရယူစေခြင်းတို့ကို အမည်အားဖြင့် မြန်မာနိုင်ငံတွင် ခရိုင် လေးခုနှင့် တစ်ရပ်နိုင်ငံတွင် ကိုယ်ပိုင်အုပ်ချုပ်ရေး ဒေသတစ်ခုတို့အတွက် အကျဉ်းရုံး ဖော်ပြထားသည်။

မြန်မာနိုင်ငံအတွက် ၂၀၁၃ - ၂၀၁၇ အတွင်း တရုတ်နိုင်ငံမှ ပြန်လာသူများအား ခန့်မှန်းချက်အတွက် ကျိုးကြောင်းအဆီလျော်ဆုံး တွက်ချက်ခန့်မှန်းချက် အတိုင်းအတာမှာ ကချင်ပြည်နယ် (မြစ်ကြီးနား၊ မိုးညှင်း၊ နှင့် ဗန်းမော်) ခရိုင် သုံးခုအတွက် လေ့လာမှု နေရာ ၁၅ ခု နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ခရိုင်တစ်ခု(မူဆယ်) အတွက် လေ့လာမှု နေရာ ၅ ခုတို့မှ ဖြစ်သည်။ ဤခရိုင်လေးခုအတွင်း လူဦးရေ ခန့်မှန်းချက် အပြည့်အစုံကို ဇယား ၇ တွင် ဖော်ပြထားပြီး အလယ်အလတ်-အတိုင်းအတာ ခန့်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

- ရွှေ့ပြောင်းအမျိုးသမီး ၁၀၆,၀၀၀ သည် ၂၀၁၃-၂၀၁၇ အတွင်း တရုတ်နိုင်ငံမှ ပြန်လာခဲ့သည်။
- ပြန်လာသူ အမျိုးသမီး ၇,၈၀၀ သည် တရုတ်အမျိုးသားများနှင့် လက်ထပ်ခဲ့ကြသည်။
- ပြန်လာသူ အမျိုးသမီး ၅,၀၀၀ သည် အဓမ္မ လက်ထပ်စေခြင်းအတွက် လူကုန်ကူးခံရသည့် ၃,၉၀၀ အပါအဝင် အဓမ္မ လက်ထပ်စေခြင်း ခံကြရသည်။ ထို့နောက်
- လက်ထပ်ထားသည့် အမျိုးသမီး ပြန်လာသူ ၂,၈၅၀ ဦးတို့သည် အဓမ္မ ကလေးရယူစေခြင်းကို ခံခဲ့ကြရသည်။

**ပုံ၂။ လေ့လာသည့်ဒေသ အတွင်း အတင်းအဓမ္မ လက်ထပ်စေချင်းနှင့် အတင်းအဓမ္မ ကလေးမွေးခိုင်းခြင်းအား ရာခိုင်းနှုန်းဖြင့် နှိုင်းယှဉ်ပြခြင်း**



**ဇယား ၄။ လူဦးရေ ခန့်မှန်းချက်များ။ တရုတ်နိုင်ငံမှ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းသို့ ပြန်လာသူများ (၂၀၁၃-၂၀၁၇)**

| ဒေသ | ဒေသတွင်းရှိ အမျိုးသမီး ဦးရေ | ပြန်လာသည့် ရွှေ့ပြောင်း အမျိုးသမီးများ (၂၀၁၃-၂၀၁၇) | | | လက်ထပ်ထားသော ပြန်လာသည့် ရွှေ့ပြောင်း အမျိုးသမီးများ (၂၀၁၃-၂၀၁၇) | | | အဓမ္မ လက်ထပ်စေခြင်း ခံရပြီး ပြန်လာသည့် ရွှေ့ပြောင်း အမျိုးသမီးများ (2013 - 2017) | | | အဓမ္မ လက်ထပ်စေခြင်းအတွက် လူကုန်ကူး ခံရသည့် ပြန်လာသော အမျိုးသမီးများ (၂၀၁၃-၂၀၁၇) | | | အဓမ္မ ကလေး ရယူစေခြင်း ခံရပြီး ပြန်လာသော အမျိုးသမီးများ (၂၀၁၃-၂၀၁၇) | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | နိမ့် | လယ် | မြင့် | နိမ့် | လယ် | မြင့် | နိမ့် | လယ် | မြင့် | နိမ့် | လယ် | မြင့် | နိမ့် | လယ် | မြင့် |
| ကချင်ပြည်နယ် (ခရိုင် ၃ ခု) | ၇၇,၅၉၇ | ၃၉,၂၈၂ | ၇၈,၆၉၉ | ၁၁၅,၅၅၀ | ၂,၀၂၈ | ၇,၀၅၅ | ၁၂,၆၅၅ | ၁,၃၉၅ | ၄,၀၅၅ | ၈,၇၉၉ | ၁,၀၉၆ | ၃,၈၂၀ | ၆,၁၀၆ | ၇၀၀ | ၂,၅၃၄ | ၄,၀၅၂ |
| ရှမ်းပြည် မြောက်ပိုင်း (ခရိုင် ၁ ခု) | ၂၂,၆၃၉ | ၁၁,၁၀၇ | ၂၇,၆၁၃ | ၃၈,၅၈၀ | ၂၅၀ | ၇၀၀ | ၁,၁၀၇ | ၅၆ | ၁၂၂ | ၁၉၇ | ၂၈ | ၆၀ | ၉၇ | ၅၆ | ၁၂၂ | ၁၉၇ |
| Total | ၉၉,၉၃၇ | ၅၀,၃၉၉ | ၁၀၆,၃၁၂ | ၁၅၄,၁၃၀ | ၂,၂၇၈ | ၇,၇၅၅ | ၁၃,၇၆၂ | ၁,၄၅၁ | ၄,၁၇၇ | ၈,၉၉၆ | ၁,၁၂၄ | ၃,၈၈၀ | ၆,၂၀၃ | ၇၅၆ | ၂,၆၅၆ | ၄,၂၄၉ |

တရုတ်နိုင်ငံအတွက် ၂၀၁၇ ခုနှစ်တွင် ရောက်ရှိနေသော မြန်မာအမျိုးသမီး ခန့်မှန်းချက်များအတွက် ကျိုးကြောင်းစီလျော်ဆုံး ခန့်မှန်တွက်ချက်မှု အတိုင်းအတာမှာ ယူနန်ပြည်နယ် တဲ့ဟုန် ရှမ်း-ကချင် (Dai Jing-po) ကိုယ်ပိုင်အုပ်ချုပ်ရေး ဒေသတစ်ခုလုံးအတွက် လေ့လာမှု နေရာ ၂၀ မှ ဖြစ်သည်။ ထိုကိုယ်ပိုင်အုပ်ချုပ်ရေး ဒေသအတွင် လူဦးရေ ခန့်မှန်းချက်များ တစ်စုံလုံးကို ဇယား ၈ တွင် ဖော်ပြထားပြီး အလယ်အလတ်အတိုင်းအတာ ခန့်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

- မြန်မာနိုင်ငံမှ အမျိုးသမီး ၆၅,၀၀၀ သည် ၂၀၀၇ ခုနှစ်အတွင်း တရုတ်နိုင်ငံအတွင်း နေထိုင်ကြသည်။
- ရွှေ့ပြောင်း အမျိုးသမီး ၁၀,၄၀၀ သည် တရုတ်ယောကျ်ားများနှင့် လက်ထပ်ထားသည်။
- ရွှေ့ပြောင်း အမျိုးသမီး ၂,၅၀၀ သည် အဓမ္မလက်ထပ်ခြင်းအတွက် လူကုန်ကူးခံရသော ၁,၀၀၀ အပါအဝင် အဓမ္မ လက်ထပ်ခြင်း ခံရသူများဖြစ်သည်။ ထို့ပြင်
- လက်ထပ်ထားသော ရွှေ့ပြောင်း အမျိုးသမီး ၂,၃၀၀ သည် အဓမ္မ ကလေးရယူစေခြင်း ခံရသည်။

**ဇယား ၅။ လူဦးရေ ခန့်မှန်းချက်များ။ ယူနန်ပြည်နယ်ရှိ မြန်မာ ရွှေ့ပြောင်းသူများ (၂၀၁၇)**

| ဒေသ | ဒေသ အတွင်း အမျိုးသမီး လူဦးရေ | ယူနန်ရှိ ရွှေ့ပြောင်း သူ အမျိုးသမီးများ (၂၀၁၇) | | | ယူနန်ရှိ လက်ထပ်ပြီး ရွှေ့ပြောင်းသူ အမျိုးသမီးများ (၂၀၁၇) | | | အဓမ္မ လက်ထပ်စေခြင်း ခံရသည့် ရွှေ့ပြောင်း သူ အမျိုးသမီးများ (၂၀၁၇) | | | အဓမ္မ လက်ထပ်စေခြင်း အတွက် လူကုန်ကူးခံရ သည့် ရွှေ့ ပြောင်းသူ အမျိုးသမီးများ (၂၀၁၇) | | | ကလေးရယူစေခြင်း ခံခဲ့ရသည့် ပြန် လာသော အမျိုးသမီးများ (၂၀၁၇) | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | နိမ့် | လယ် | မြင့် | နိမ့် | လယ် | မြင့် | နိမ့် | လယ် | မြင့် | နိမ့် | လယ် | မြင့် | နိမ့် | လယ် | မြင့် |
| တဲ့ဟုန် ရှမ်းနှင့် တ ချင် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ | ၅၉၉,၆၆၂ | ၅၉,၃၆၇ | ၆၄,၇၆၁ | ၉၁,၁၅၉ | ၉,၅၅၀ | ၁၀,၄၂၇ | ၁၅,၇၆၉ | ၂,၂၅၆ | ၂,၄၆၀ | ၃,၇၂၀ | ၉၀၀ | ၉၉၀ | ၁,၄၉၀ | ၂,၁၀၂ | ၂,၃၀၄ | ၃,၄၅၅ |

ဤလူဦးရေ ခန့်မှန်းချက်များကို လေ့လာမှု နေရာ ၂၀ မှ ရလာဒ်များကို ကချင်ပြည်နယ် (ခရိုင်လေးခု)၊ ရှမ်းပြည်နယ်မြောက်ပိုင်း (ခရိုင် ခုနစ်ခု) နှင့် ယူနန်ပြည်နယ် (ကိုယ်ပိုင်အုပ်ချုပ်ရေး ဒေသ လေးခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ မြို့တော်များ) အဖြစ် ပိုမိုကျယ်ပြန့်သော နယ်မြေများသို့ ခန့်မှန်းတွက်ချက်မည်ဆိုပါက သေချာပေါက် ပိုမိုများပြားလာပေမည်။ (ဇယား ၉)။ ယူဆ ခန့်မှန်းချက်များကို အခြေခံထား၍ ဤပိုမိုကျယ်ပြန့်သော ခန့်မှန်းတွက်ချက်မှုများက အကြမ်းဖျဉ်းအားဖြင့် ၂၀၁၃-၂၀၁၇ အကြား တရုတ်ယောကျာ်းများနှင့် အဓမ္မ လက်ထပ်စေခြင်း ခံရသော မြန်မာနိုင်ငံမှ အမျိုးသမီးနှင့် မိန်းကလေးငယ် ၂၁,၀၀၀ အထိ နှင့် တူညီသောကာလအတွင်းတွင် အဓမ္မကလေးရယူစေခြင်း ခံရသော အမျိုးသမီး ၁၈,၃၀၀ အထိ ခန့်မှန်းချက်များကို မြင့်တက်သွားစေလိမ့်မည်။

**ဇယား ၆။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် ယူနန်ပြည်နယ် ပိုမိုကျယ်ပြန့်သော နယ်မြေများအတွက် ခန့်မှန်းတွက်ချက်မှုများ**

| ဒေသ | ဒေသ အတွင်းရှိ အမျိုးသမီး ဦးရေ | မြန်မာနိုင်ငံသို့ ပြန်ဝင်လာသည့် / ယူနန်ပြည်နယ်သို့ ရွှေ့ပြောင်းသူ အမျိုးသမီးများ | | | လက်ထပ်ထားသော ပြန်လည်ဝင်ရောက်လာသည့် ရွှေ့ပြောင်းသူ / ယူနန်သို့ ရွှေ့ပြောင်းသူ အမျိုးသမီးများ | | | အဓမ္မ လက်ထပ်စေခြင်း ခံရသော ရွှေ့ပြောင်းသူ/ ပြန်လာသူ အမျိုးသမီးများ | | | အဓမ္မ လက်ထပ် စေခြင်း အတွက် လူကုန်ကူးခံရသူ | | | အဓမ္မ ကလေးမွေး စေခြင်း | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | နိမ့် | လယ် | မြင့် | နိမ့် | လယ် | မြင့် | နိမ့် | လယ် | မြင့် | နိမ့် | လယ် | မြင့် | နိမ့် | လယ် | မြင့် |
| ကချင်ပြည်နယ် ၄ ခရိုင် | ၇၈၇,၄၈၈ | ၂၁,၄၇၅ | ၈၁,၄၇၃ | ၁၈၆,၆၁၅ | ၂,၁၅၀ | ၇,၅၁၁ | ၁၁,၄၇၁၈ | ၁,၄၀၀ | ၅,၁၇၆ | ၉,၂၉၉ | ၁,၁၆၁ | ၄,၀၆၅ | ၇,၂၇၀ | ၉၇၇ | ၃,၄၀၀ | ၆,၀၈၁ |
| ရှမ်းပြည်မြောက်ပိုင်း ၇ ခရိုင် | ၁,၂၆၄,၄၁၁ | ၆၁,၂၂၁ | ၁၅၄,၂၅၁ | ၁၆၁,၁၀၉ | ၁,၅၁၇ | ၄,၀၁၁ | ၅,၂၀၉ | ၂၅၀ | ၆၀၂ | ၈၀၇ | ၁၂၉ | ၃၄၁ | ၄၄၄ | ၂၅၀ | ၆၀၂ | ၈၀၈ |
| ယူနန်ပြည်နယ် အနောက်ပိုင်း ကိုယ်ပိုင်အုပ်ချုပ်ရေး ဒေသ ၄ ခု/ ကိုယ်ပိုင်အုပ်ချုပ်ရေး ဒေသမြို့တော်များ | ၃,၄၄၂,၇၂၉ | ၃၄၀,၈၁၀ | ၃၇၁,၈၀၄ | ၅၂၁,၂၆၄ | ၅၈,၉၆၄ | ၆၄,၁၂၄ | ၉၀,၅၁၀ | ၁၁,၉၁၆ | ၁၅,၁၈၀ | ၂၁,၁၆၅ | ၅,၆၀၂ | ၆,၁၁၁ | ၈,၆၀၀ | ၁၃,၀၁၇ | ၁၄,၂၂၂ | ၂၀,၀၁၇ |
| စုစုပေါင်း | ၅,၄၉၉,၄၆၂ | ၄၂၄,၅၂၆ | ၆၀၉,၅၄၅ | ၈၇၃,၀၃၈ | ၆၂,၆၁၁ | ၇၅,၈၄၀ | ၁၀၉,၁၈၇ | ၁၅,၆၅၅ | ၂၁,၀၃၀ | ၃၁,၅၁၁ | ၆,၈၉၄ | ၁၁,၂၁၇ | ၁၆,၁၁၄ | ၁၄,၂၆၀ | ၁၈,၁၁၅ | ၂၆,၉၁၀ |

## ၀။ အကြောင်းရင်းများနှင့် အန္တရာယ် ဖြစ်စေသော အကြောင်းအရာများ

အိမ်ထောင်စု စစ်တမ်း သာမက အဓိက သတင်းပေးသူ နှင့် အသေးစိတ် အင်တာဗျူးများမှ ရရှိသော တွေ့ရှိချက်များက မြန်မာ အမျိုးသမီးများနင့် မိန်းကလေးငယ်များအကြားရှိနေသော အဓမ္မလက်ထပ်စေခြင်းဖြစ်စေနိုင်သည့် ဘေးအန္တရာယ်ကို လွှမ်းမိုးသော အကြောင်းအရာများသည် ရှုတ်ထွေးပြီး တစ်ခုနှင့်တစ်ခု ဆက်စပ်ယှက်နွယ်နေသည်ကို ဖော်ပြနေသည်။ ယင်းတို့သည် လက်ထပ်ခြင်း ဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်သော လုပ်ငန်းစဉ်တွင် နေရာအမျိုးမျိုးမှ ပါဝင်တည်ရှိနေပြီး အမျိုးမျိုးသော အဆင့်များ (ဥပမာ- လူတစ်ဦးချင်း၊ မိသားစု၊ နှင့် အသိုင်းအဝိုင်း သို့မဟုတ် လူမှု ပတ်ဝန်းကျင်) တလျှောက်တွင်လည်း ဖြစ်ပွားလျက်ရှိသည်။ အဓမ္မ လက်ထပ်စေခြင်းသည် ပညာရေး၊ အသက်၊ နှင့် မြို့ပြ/ကျေးလက် အခြေအနေများအပါအဝင် လူမှု စီးပွားရေး အကြောင်းအရာများ အများအပြားနှင့် ဆက်နွယ်လျက်ရှိသည်ကို တွေ့ရသည်။
အရေအတွက်နှင့် အရည်အသွေး တွေ့ရှိချက်များက ဆင်းရဲခြင်း သို့မဟုတ် ငွေကြေး လုံခြုံမှု မရှိသည့်အခြေအနေတွင် နေထိုင်ကြရသော မိသားစုများအတွက် စီစဉ်နေရာချထားသော လက်ထပ်ခြင်းများသည် စီစဉ်ပေးခြင်း ( စီမံခန့်ခွဲမှုမဟာဗျူဟာအ) ဖြစ် လုပ်ဆောင်သည်။

စီစဉ်နေရာချထားသော လက်ထပ်ခြင်းများအထူးသဖြင့် အသက်ပိုငယ်သောအမျိုးသမီးများအတွက် သတို့သမီး တန်ဖိုးသည် ပိုရသောကြောင့် ပုံမှန်အားဖြင့် ပိုမို လိုလားခြင်းခံရသည့်အတွက် မြင့်မားသော သတို့သမီးကြေးတောင်းခံနိုင်သည်။ အချက်အလက်များက ပထမ လက်ထပ်မှုတွင် သတို့သမီးက ငယ်ရွယ်လေလေ အင်တာဗျူး မေးမြန်းသည့်အချိန်တွင် သူမမွေးဖွားပေးရသော ကလေးအရေအတွက်မှာ ပိုများလေ ဖြစ်ကြောင်း ညွှန်ပြနေသည်။ တုန့်ပြန်ဖြေဆိုသူ တစ်ဦးက အောက်ပါအတိုင်း ရှင်းပြသည်။

> သူတို့ (တရုတ်ယောကျ်ားတွေ) ရဲ့ အဓိက ရည်ရွယ်ချက်က သူတို့အတွက် ကလေးတစ်ယောက် ရချင်တယ်။ လူကုန်ကူးခံရပြီး နှစ်အတော်ကြာ လက်ထပ်ထားပြီး ကလေး တစ်ယောက် ဒါမှမဟုတ် တစ်ယောက်ထက်ပိုတဲ့ကလေးတွေ ရထားတဲ့ (မြန်မာ) အမျိုးသမီးတော်တော်များများကို ကျမ တွေ့ဘူးတယ်။ အများစုက မိသားစုထဲမှာ စာရင်းမဝင်ဘူး၊ သူတို့မှာ သက်သေခံ အထောက်အထားမရှိကြပဲ တရုတ် နိုင်ငံသားတွေလည်း မဟုတ်ကြဘူး။ ဒါကြောင့် သူတို့က ကလေးမွေးပေးဖို့ သက်သက် ငှားထားခံရသလိုဖြစ်တယ်။ ဒါကြောင့် ကလေးမွေးပေးနိုင်တဲ့ မိန်းမတွေကို ပိုက်ဆံပေးသလိုဖြစ်တယ်။ ဒ့ါကြောင့် ပိုငယ်တဲ့ မိန်းကလေးတွေက ဈေးပိုရတယ်။ သူတို့က ကိုယ်ဝန်ရဖို့- ကလေးရဖို့ ပိုလွယ်တယ်။ ဒါကြောင့် ကျမ အမြင်အရဆိုရင် ဒါက အချစ်ကြောင့် မဟုတ်ဘူး။ (KII၊ ကချင် အမျိုးသမီး၊ ၂၄ နှစ်၊ တရုပ်နိုင်ငံ)

ဥပမာအားဖြင့် ပထမအကြိမ် လက်ထပ်သည့် အသက် ၁၈ နှစ်နှင့် အောက် တုန့်ပြန်သူများက ပျမ်းမျှ ကလေး ၃.၄ ဦး မွေးဖွားပေးကြောင်း အစီရင်ခံထားသည်။ ပထမ လက်ထပ်မှုတွင် အသက် ၂၅ နှစ်နှင့် အထက်ရှိသော တုန့်ပြန်သူများအကြားတွင် ပျမ်းမျှ ကလေးမှာ ၁.၉ ဦးသို့ ကျဆင်းသွားသည်။ ထို့အပြင် တရုတ်ယောကျ်ားများနှင့် သူတို့၏ မိသားစုများက အဓိကအားဖြင့် ကလေးမွေးဖွားရန်အတွက်သာ အာရုံစိုက်ကြသည်။

Photo: Linda de Volder / Flickr ©




ယင်းသည် မကြာခဏပင် လက်ထပ်ရခြင်းနှင့် သတို့သမီးကြေးများ ပေးလိုခြင်း၏ အကြောင်းရင်းဖြစ်သည်။ အချို့ယောက်ျားများသည် သူတို့၏ မိန်းမများက ကလေးတစ်ယောက် မွေးပြီးသည့် အချိန်အထိသာ လက်ထပ်မှုတွင် နေရန် စိတ်ဝင်စားကြပြီး အခြားသူများမှာ အမျိုးသမီးများကို ဆက်နေရန် မျှော်လင့်ကြသည်။ ဥပမာ- "တချို့အမျိုးသမီးတွေက ကလေးတွေရှိပေမယ့် တချို့က မရှိဘူး။ သူတို့ယောက်ျားတွေက သူတို့ ကလေးမမွေးပေးနိုင်ရန် သူတို့ကို ပြန်ရောင်းတယ်။ ဒါကြောင့် ယောက်ျားတွေက အသက် ၁၆၊ ၁၇ ကနေ ၂၅ လောက်အထိ ပိုငယ်တဲ့ မိန်းကလေးငယ်တွေကို ကြိုက်ကြတယ်။ အဲဒီထက်ကြီးသွားရင် သူတို့က အသက်ကြီးသွားပြီး ကလေးမွေးတဲ့နေရာမှာ အချက်အခဲတွေရှိလာတယ်။" (KII၊ တအာင်း အမျိုးသမီး၊ အသက် ၃၃ နှစ်၊ မြန်မာနိုင်ငံ)

လက်ထပ်မှုကို စီစဉ်ရာတွင် (ပုံ ၄ ကိုကြည့်ပါ) အချိန် အများစုတွင် တုန့်ပြန်သူများ၏ လက်ထပ်များများကို စီစဉ်သူများမှာ ဆွေမျိုးမဟုတ်သူများ ဖြစ်ကြသည်။ (လွတ်လပ်စွာ လက်ထပ်ခြင်းတွင် တုန့်ပြန်သူများ၏ ၄၉% နှင့် ၉.၀%)။ အရည်အသွေး အင်တာဗျူးမေးမြန်းမှုများမှ တွေ့ရှိချက်များက ယေဘူယျအားဖြင့် မိန်းကလေးငယ်များနှင့် အမျိုးသမီးငယ်များသည် မိသားစုတွင် ပြောရေးဆိုခွင့်မရှိပဲ လက်အောက်ငယ်သား ကဏ္ဍမှသာ ပါဝင်ကြရသောကြောင့် လက်ထပ်ခြင်းဆိုင်ရာ မိသားစုဆုံးဖြတ်ချက်များကို စိမ်ခေါ်ရန် သူတို့တွင် မည်သည့် ဩဇာအင်အားမျှ မရှိကြပေ။ ယင်းကို အောက်ပါ ပြောစကားကိုးကားချက်တွင် ထင်ရှားစွာ တွေ့နိုင်သည်။ "ကျမရဲ့ အရင်ယောက်ျားကို ကျမ လုံးဝ မချစ်ဘူး။ ကျမ လက်မထပ်ချင်ပဲနဲ့ သူကို လက်ထပ်ခဲ့တာ။ ဘာလို့လဲ ဆိုတော့ ကျမတို့က သူ့ပိုက်ဆံ ယူပြီးသား ဖြစ်နေတယ်၊ ဒါကြောင့် ကျမမှာ တခြားရွေးစရာမရှိဘူး။ မိဘတွေ စကားကို ကျမ နားထောင်ရုံပဲ ရှိတယ်။" (IDI၊ ကချင် အမျိုးသမီး၊ ၂၉ နှစ်၊ တရုတ်နိုင်ငံ)။ အနည်းငယ်မျှသော တုန့်ပြန်သူများကသာ ယဉ်ကျေးမှု/ဘာသာရေး အကြောင်းအရာများကို မြန်မာအမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ အဓမ္မ လက်ထပ်စေခြင်းနောက်က တွန်းအားအဖြစ် ဖော်ပြကြသည်။ အရေအတွက် အချက်အလက်များကလည်း အဓမ္မလက်ထပ်စေခြင်းနှင့် ဘာသာရေး သို့မဟုတ် လူမျိုးဖြစ်ခြင်းတို့နှင့် ဆက်စပ်မှုကို ဖော်ပြနေခဲ့ခြင်း မရှိပေ။


အဓမ္မလက်ထပ်စေခြင်းခံရမှုသည် ပညာ သင်ကြားခဲ့ရမှု နိမ့်ပါးသော တုန့်ပြန်သူများအကြားတွင် (လုံးဝ ပညာမသင်ရ သို့မဟုတ် မူလတန်းအဆင့် မပြီးဆုံးသူများ (၃၉.၄%) နှင့် ကျေးလက်ဒေသများမှ တုန့်ပြန်သူများ (၆၄.၃%) အကြားတွင် ပိုမိုများပြားသည်။ အရည်အသွေး အချက်အလက်များက အရေအတွက် တွေ့ရှိချက်များကို နောက်ထပ် ပိုမိုနက်ရှိုင်းသော အမြင်နှင့် ပတ်ဝန်းကျင်အခြေအနေများကို ပံ့ပိုးပေးသည်။ အောက်ပါ ပြောစကားကိုးကားချက်တွင် ယင်းကို အထင်အရှားတွေ့နိုင်သည်။ "ငယ်ရွယ်တဲ့လူ အများစုက အထက်တန်းကျောင်း မပြီးကြပဲ သူတို့အနာဂတ်အတွက် အလုပ်ကောင်းကောင်း မရှိကြဘူး။ အထူးသဖြင့် ဒုက္ခသည်စခန်းက သူတွေ ဖြစ်တယ်။ (သူတို့မှာ) ပညာရေး နဲ့ အလုပ် ကောင်းကောင်းမရှိဘူး၊ ဒါကြောင့် အများစုက သူတို့အတွက် တခြားရွေးစရာ မရှိတော့ပဲ တရုတ်နိုင်ငံကို သွားကြတယ်။" (IDI၊ ကချင် အမျိုးသမီး၊ ၃၁ နှစ်၊ တရုတ်နိုင်ငံ)။ အိမ်ထောင်စု စစ်တမ်းက သိသာထင်ရှားသော ဆက်စပ်မှုကို ဖော်ပြခြင်း မရှိသော်လည်း အရည်အသွေး အချက်အလက်များက ပဋိပက္ခနှင့် (ပြည်တွင်းနှင့် နယ်စပ်ဖြတ်ကျော်) အိုးအိမ်စွန့် ရွှေ့ပြောင်းမှုတို့သည် လူမှု အသိုင်းအဝိုင်းအားနည်းခြင်းနှင့် ကာကွယ်မှု စနစ်များ နည်းပါးခြင်းတို့ကြောင့် အဓမ္မ လက်ထပ်စေခြင်းခံရနိုင်မှု အလားအလာကို မြင့်တက်စေသည်။

**Decision makers in the marriage process**




ပထမ ကလေးမွေးဖွားသည့် အချိန်တွင် အဓမ္မ လက်ထပ်စေခြင်းနှင့် တွေ့ကြုံခဲ့သော တုန့်ပြန်သူများ(၂၂.၈ နှစ်) သည်  မိမိသဘောဆန္ဒအလျောက် လက်ထပ်သူများ (၂၄.၁ နှစ်) ထက် အနည်းငယ် ပိုမိုငယ်ရွယ်ကြသည်။ သူတို့တွင် ကလေးများ ပိုမိုများပြားသည်ကိုလည်း တွေ့ရသည်။ (၃.၆ ဦးနှင့် ၂.၁ ဦး)။ အဓမ္မ လက်ထပ်မှုသည် ကျန်းမာရေး ရလာဒ်များအပေါ်တွင်လည်း အတိုင်းအတာတစ်ခုထိ နောက်ဆက်တွဲ သက်ရောက်မှုများ ရှိသည်။ အဓမ္မ လက်ထပ်စေခြင်း ခံရသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအကြားတွင် အတူနေလက်တွဲဖော်၏ အကြမ်းဖက်ခြင်း ခံရမှု အဖြစ်ဆိုးများမှာ မိမိဆန္ဒအလျောက် လက်ထပ်မှုများမှ အမျိုးသမီးများထက် ၆.၅ ဆ ပိုများသည်။ (ပုံ ၅ တွင်ကြည့်ပါ)။ သူတို့သည် ကိုယ်ဝန်ပျက်ကျခြင်းနှင့် ကလေးအသေ မွေးခြင်းတွင်လည်း ၄.၇ ဆ ပိုများပြီး အနည်းဆုံး ကလေးတစ်ယောက် သေဆုံးရန် အလားအလာမှ ၄.၆ ဆ ပိုများသည်။ (ပုံ ၆ တွင် ကြည့်ပါ)

**Odds of abusive behaviors faced by victims of forced marriage, compared to women and girls in autonomous marriages**



အရည်အသွေး အချက်အလက်များက အမျိုးသမီး လက်ထပ်ထားသည့် မိသားစု၏ အခြေအနေနှင့် စိတ်ဝင်စားမှုများအပေါ် မူတည်၍ကလေးရယူခြင်းပတ်ဝန်းကျင်ရှိအခြေအနေများမည်သို့ကွာခြားသည်ဆိုသော အမြင်ကို ရရှိစေသည်။ အချို့သော အမျိုးသမီးများသည် သူတို့ ကိုယ်ဝန်ရှိလာသည်နှင့် ပိုမိုကောင်းမွန်သော နေထိုင်မှု အခြေအနေများကို တွေ့ကြုံရသည်။ "ပထမတော့ သူတို့က သူ့ကို အခန်းငယ်လေးထဲမှာ တိရစ္ဆာန်လို သော့ခတ်ပြီး အစာကျွေးထားတယ်။ လအနည်းငယ်ကြာလာပြီး သူကိုယ်ဝန်ရှိလာတဲ့ အခါကျမှ သူတို့က သူ့ကို မိသားစုဝင်တစ်ယောက်လို ဆက်ဆံလာပြီး အခန်းထဲမှာ သော့ခတ်ထားရာကနေ ဖွင့်ပေးတယ်။" (IDI၊ ကချင် အမျိုးသမီး၊ ၆၄ နှစ်၊ မြန်မာနိုင်ငံ)

ဤအခြေအနေများအောက်တွင် အချို့သော အမျိုးသမီးများသည် သူတို့၏ ကလေးများကို ပြုစုပျိုးထောင်ရန် အချက်အခဲများ တွေ့ရသော်လည်း အခြားသူများမှာ မိခင်များဖြစ်လာပြီး နောက်ပိုင်းတွင် သူတို့အနေဖြင့် ထွက်ခွာ မသွားနိုင်တော့အောင် ခံစားရသည်။ "သူက သိပ်ပြီး စိတ်ကောင်းမရှိဘူး။ ဒါပေမယ့် သူက ကျမ ကလေးရဲ့ အဖေဖြစ်တယ်။ ဒါကြောင့် ကျမနေနေတာ။ ကျမတို့ ခက်ခဲတဲ့ အခြေအနေကို ရုန်းကန်ရတယ်။ သူက မိန်းမရှုတ်ချင်ရှုတ်မယ်၊ ဘိန်းရှူချင်ရှူမယ် နောက်ပြီး ကျမကိုလည်း ရိုက်ချင်ရိုက်မယ်။" (IDI၊ ကချင် အမျိုးသမီး၊ ၄၈ နှစ်၊ မြန်မာနိုင်ငံ)

အသက် နှစ်ဆယ် မတိုင်မီ ပထမအကြိမ် လက်ထပ်သော တုန့်ပြန်သူများသည် အဓမ္မ လက်ထပ်စေခြင်း နှင့် အတူနေအဖော်၏ အကြမ်းဖက်မှုတို့ကို ခံရနိုင်မှု အလားအလာမြင့်မားမှုကို ရင်ဆိုင်ကြရသည်။ ပျမ်းမျှအားဖြင့် အဓမ္မ လက်ထပ်စေခြင်းများအပေါ် တုန့်ပြန်သူများသည် ပထမလက်ထပ်သည့်အချိန်တွင် အသက် ၂၁.၂ နှစ် (မိမိဆန္ဒအလျောက် လက်ထပ်သူများအကြား ပထမလက်ထပ်သည့် အသက်မှာ ၂၆.၆ နှစ်နှင့် နှိုင်းယှဉ်နိုင်သည်) ရှိသည်။ အသက် ၂၀ နှစ် မတိုင်မီ ပထမအကြိမ် လက်ထပ်သော တုန့်ပြန်သူများအကြားတွင် အတူနေအဖော်၏ အကြမ်းဖက်မှုကို ခံရမှုမှာ ၆၅.၃% ရှိပြီး အသက် ၃၀ နှစ်နှင့် အထက်တွင် ပထမအကြိမ် လက်ထပ်သူများအကြားတွင် ၃၃.၃% ရှိသည်။ တုန့်ပြန်သူ တစ်ဦးက ယခုလို ထင်မြင်ချက်ပေးသည်။ "အဲဒီတုန်းက ကျမသိပ်ငယ်သေးတယ်.. တကယ်ဆို ကလေးပဲ။ ကျမ အသက် ၁၇ နှစ်ပဲ ရှိသေးတယ်။ သူက ကျမက ကလေးလိုပဲ ဆက်ဆံတယ်။ ကျမ လွတ်လွတ်လပ်လပ် ဝင်ထွက်လို့ မရဘူး၊ ဘယ်မှလည်း မသွားရဘူး။ ကျမကို ထိန်းချုပ်ထားတယ်။ နေ့တိုင်းနေ့တိုင်း ကျမ အရိုက်ခံရမလားလို့ စိုးရိမ်နေခဲ့တယ်။ ကျမကြောက်တယ်။ ကျမ ထွက်သွားချင်ပေးမယ် ဘယ်လို သွားရမလဲဆိုတာ မသိဘူး။" (IDI၊ ရှမ်း အမျိုးသမီး၊ အသက် ၂၁ နှစ်၊ မြန်မာနိုင်ငံ)

**Health risks among victims of forced marriage, compared to women and girls in autonomous marriages**

| | Victims of forced marriage | Women and girls in autonomous marriages | Increased risk faced by victims |
|---|---|---|---|
| Not able to decide own reproductive care | 80.9% | 39.7% | 2.0 times |
| Had miscarriage or stillbirth | 28.1% | 6.0% | 4.7 times |
| At least one child dead | 4.1% | 0.9% | 4.6 times |



Photo: KX Studio / Flickr ©

## ဃ။ အကြံပြုချက်များ

အောက်ပါတို့သည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ အစိုးရများ၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံရှိ လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းအတွက် မိမိတို့၏ အကြံပြုချက် အချို့ဖြစ်သည်။



### မြန်မာနိုင်ငံ အစိုးရအတွက်၊

၁။ အကြမ်းဖက်မှု၊ ထိခိုက်ဒဏ်ရာရမှု နှင့် ကျန်းမာရေး ချို့တဲ့မှုများကို မြင့်မားစေခဲ့သော ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ လက်နက်ကိုင် ပဋိပက္ခများ အဆုံးသတ်ရန် သာမက တရုတ်နိုင်ငံအတွင်းသို့ အသက်ရှင်ရပ်တည်ရန်အတွက် နောက်ထပ် ရွှေ့ပြောင်းမှုများကို အားပေးနေသော ဆင်းရဲမွဲတေမှု၊ မြေယာလက်မဲ့ဖြစ်ခြင်း၊ အလုပ်အကိုင်ပျောက်ဆုံးမှုနှင့် ရွှေ့ပြောင်းမှုများ ရပ်တန့်စေရန် အမြန်ဆုံး လုပ်ဆောင်သွားရန်။ ပထမအဆင့်သည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တဘက်သတ် အပစ်အခတ်ရပ်စဲရေးကို ကြေညာပြီး တိုင်းရင်းသား နယ်မြေများမှ တပ်ဖွဲ့များကို ဆုတ်ပေးရမည်။

၂။ နယ်မြေများအားလုံးရှိ ပြည်တွင်း ရွှေ့ပြောင်း ဒုက္ခသည်များထံသို့ လူသားချင်းစာနာမှု အကူအညီများ ရရှိနိုင်မှုအပေါ် လက်ရှိရှိနေသည့် ပိတ်ဆို့ထားမှုများကို ဖယ်ရှားရန်။

၃။ နိုင်ငံသား နှင့် အမျိုးသား ဖြစ်ကြောင်း သက်သေအဖြစ် အသုံးပြုနိုင်သည့် သက်သေခံ စာရွက်စာတမ်းများ

ထုတ်ပေးခြင်းနှင့် သူတို့အား ခရီးသွား လက်မှတ်များ နှင့် တရုတ်နိုင်ငံတွင် အလုပ်လုပ်ခွင့်များ ရရှိစေနိုင်ခြင်း အပါအဝင် မြန်မာနိုင်ငံတွင် နေထိုင်သူများ နှင့် ရွှေ့ပြောင်းသူဖြစ်လာနိုင်သူများအား ကာကွယ်ပေးသည့် မူဝါဒများ ပြဋ္ဌာန်းရန်။

၄။ မူဆယ်နှင့် လွယ်ဂျယ်ကဲ့သို့သော အဓိက ဖြတ်သန်းသည့် နေရာများရှိ နယ်စပ် အရာရှိများကို သာမက တရုတ်နိုင်ငံသို့ရွှေ့ပြောင်းသည့် နှုန်းများပြားသည့် အလားအလာရှိသော လူထုအသိုင်းအဝိုင်းများရှိ ဒေသခံ ရဲများကို လူကုန်ကူးမှု ဆန့်ကျင်ရေးနှင့် ဘေးကင်းလုံခြုံသော ရွှေ့ပြောင်းမှု အပေါ် သင်တန်းများ ပေးရန်။

၅။ တရားမဝင် နှင့်/သို့ အမြတ်ထုတ်သော အလေ့အထများကို ကာကွယ်သည့် နည်းလမ်းအားဖြင့် လူစုဆောင်းမှု အေဂျင်စီများ၊ ရွှေ့ပြောင်းမှု အေးဂျင့်များ၊ လက်ထပ်ခြင်း ပွဲစားများ အစရှိသူများကို ကြီးကြပ် စောင့်ကြည့်ပြီး ကျူးလွန်သူများကို တာဝန်ခံမှု ရှိစေရန် လုပ်ဆောင်ရန်။

၆။ တရုတ်နိုင်ငံရှိ မြန်မာရွှေ့ပြောင်း အလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ်ရန် မူဝါဒများနှင့် အစီအစဉ်များကို မြှင့်တင်ရန် တရုတ် အစိုးရနှင့် ထိတွေ့လုပ်ဆောင်သွားရန်။ အဓမ္မ လက်ထပ်စေခြင်း၊ အဓမ္မ ကလေးရယူစေခြင်း နှင့်/သို့ ကုန်ကူးခြင်း တွေ့ကြုံရသော ရွှေ့ပြောင်းသူများကို ဘေးကင်းလုံခြုံစွာ နေရပ်ရင် ပြန်လည်ပို့ဆောင်နိုင်ရန်အတွက် ပူးတွဲ လုပ်ထုံးလုပ်ငန်းများကို ရေးဆွဲဖော်ထုတ်ရန်။

၇။ ကျောင်း သင်ခန်းစာများ၊ ကျန်းမာရေး ဝန်ဆောင်မှုများနှင့် အသေးစား ငွေကြေး အစပျိုးလုပ်ဆောင်မှုများတွင် လူကုန်ကူးမှု ဆန့်ကျင်ရေး သတင်းအချက်အလက်များ ထည့်သွင်းခြင်း အပါအဝင် ရွှေ့ပြောင်းမှုနှင့် အဓမ္မ လက်ထပ်စေခြင်း ဘေးအန္တရာယ် အလားအလာများအကြောင်း အသိပညာ မြှင့်တင်ရေး ဒေသခံ အစီအစဉ်များကို ပံ့ပိုးရန်။

၈။ လူကုန်ကူးခြင်း အထူးသဖြင့် အမျိုးသမီးနှင့် ကလေးများကို ကာကွယ်၊ ဖိနှိပ်၊ အပြစ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ နှင့် ရွှေ့ပြောင်းအလုပ်သမားများနှင့် သူတို့၏ မိသားစုများအားလုံး၏ အခွင့်အရေးမှာကို ကာကွယ်ရေး ဆိုင်ရာ သဘောတူ စာချုပ် အပါအဝင် ဖြစ်သော်လည်း ယင်းတို့ချည်းသာ မဟုတ်သော အဓမ္မ လက်ထပ်ခြင်းနှင့် သက်ဆိုင်သော ဥပဒေဆိုင်ရာ ယန္တယားများ၊ သဘောတူစာချုပ်များ၊ လုပ်ထုံးလုပ်နည်းများကို လက်မှတ်ရေးထိုး အသက်ဝင်စေရန်။



## တရုတ်နိုင်ငံ အစိုးရ အတွက်

၉။ မြန်မာနိုင်ငံ ပဋိပက္ခများမှ ထွက်ပြေးလာသော ဒုက္ခသည်များကို ဘေးကင်းလုံခြုံသော နားခိုမှုနှင့် လူသားချင်း စာနာထောက်ထားသော အကူအညီများ ရရှိပိုင်ခွင့်ကို ခွင့်ပြုရန်။

၁၀။ အဓမ္မလက်ထပ်စေခြင်း၊ အဓမ္မကလေးရယူစေခြင်း၊ နှင့် လူကုန်ကူးခြင်းတို့သာမက အိမ်တွင်း အကြမ်းဖက်မှုတို့ကို ဆန့်ကျင်သော ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို အားဖြည့်ပြီး အကောင်အထည်ဖော်ရန်။ ယင်းတွင်း အစီရင်ခံထားသော ဖြစ်ရပ်များကို စုံစမ်းစစ်ဆေးခြင်း၊ ချိုးဖောက်ကျူးလွန်သူများကို အပြစ်ပေးအရေးယူခြင်းနှင့် ကျူးလွန်ခံရသူများအတွက် နစ်နာကြေးများ ရှာဖွေပေးခြင်းတို့အတွက် ဒေသခံ ရဲအရာရှိများနှင့် တရားရေးဆိုင်ရာများကို သင်တန်းပေးရန်တို့ ပါဝင်သည်။

၁၁။ လူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ခြင်းနှင့် ဘေးကင်းလုံခြုံသော ရွှေ့ပြောင်းမှုများဆိုင်ရာ သင်တန်းများကို အဓိက ဖြတ်ကူးရေး နေရာများ ဥပမာ ရွှေလီ၊ လုံးချမ် တို့ရှိ နယ်စပ် အရာကိုသာမက မြန်မာနိုင်ငံမှ ရွှေ့ပြောင်းသူ အမျိုးသမီး ဦးရေ ကြီးမားစွာ ရှိသည့် ရည်မှန်းချက် မြို့များရှိ ဒေသခံရဲများအား ပေးရန်။

၁၂။ အလုပ်၊ လက်ထပ်ခြင်း နှင့် မိသားစု ပြန်လည်ပေါင်းစည်းခြင်းနှင့် ပြန်လည်ဝင်ဆန့်ခြင်း တို့အတွက် ရွှေ့ပြောင်းခြင်း ရွှေ့ပြောင်းခြင်းနှင့် လက်ထပ်ခြင်း ဆိုင်ရာ ပွဲစားများကို လိုင်စင်ထုတ်ပေးခြင်းတို့ အပါအဝင် နယ်စပ်ဖြတ်ကူးမှု ဆိုင်ရာ မူဝါဒများကို မြန်မာအစိုးရနှင့် ထိတွေ့ ဆောက်ရွက်ရန်။

၁၃။ လူကုန်ကူးခြင်း အထူးသဖြင့် အမျိုးသမီးနှင့် ကလေးများကို ကာကွယ်၊ ဖိနှိပ်၊ အပြစ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း နှင့် ရွှေ့ပြောင်းအလုပ်သမားများနှင့် သူတို့၏ မိသားစုများအားလုံး၏ အခွင့်အရေးများကို ကာကွယ်ရေး ဆိုင်ရာ သဘောတူ စာချုပ် အပါအဝင် ဖြစ်သော်လည်း ယင်းတို့ချည်းသာ မဟုတ်သော အဓမ္မ လက်ထပ်ခြင်းနှင့် သက်ဆိုင်သော ဥပဒေဆိုင်ရာ ယန္တယားများ၊ သဘောတူစာချုပ်များ၊ လုပ်ထုံးလုပ်နည်းများကို လက်မှတ်ရေးထိုး အသက်ဝင်စေရန်။



နိုင်ငံတကာ အသိုင်းအဝိုင်းအတွက် (အလှူရှင် အစိုးရများ၊ ကုလသမဂ္ဂ အေဂျင်စီများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ၊ ပညာရှင် အဖွဲ့အစည်းများ)

၁၄။ မြန်မာအစိုးရ၏ မအောင်မြင်သော "ငြိမ်းချမ်းရေး လုပ်ငန်းစဉ်" အပေါ် ကူညီမှု အားလုံး ရပ်ဆိုင်းထားရန်၊ နှင့် မြန်မာ စစ်တပ်အား တစ်နိုင်ငံလုံး တဖက်သတ် အပစ်အခတ်ရပ်စဲခြင်းကို ကြေညာပြီး တိုင်းရင်းသား နယ်မြေများမှ ဆုတ်ခွာရန်အတွက် ဖိအားပေးရန်၊ အားလုံးပါဝင်ပြီး ညီမျှသည့် နိုင်ငံရေး ဆွေးနွေးပွဲဖြစ်ထွန်းစေရန်အတွက် မူဘောင် အသစ်ကို ဖြစ်ပေါ်စေအောင် ဆောင်ရွက်ရန်။

၁၅။ ပြည်တွင်း ရွှေ့ပြောင်း ဒုက္ခသည်များနှင့် ဒုက္ခသည်များအားလုံးကို လိုအပ်ပါက နယ်စပ်ဖြတ်ကျော်မှု အပါအဝင် လုံလောက်သော လူသားချင်းစာနာမှု အကူအညီများ ပေးရန်။

၁၆။ သူတို့နှင့် သက်ဆိုင်ရာ နယ်မြေများတွင် လူကုန်ကူးမှုကို ဖြေရှင်းရန်အတွက် စနစ်များ ဖြစ်ထွန်းပေါ်ပေါက်စေရန် တရုတ်-မြန်မာနယ်စပ်တလျှောက်တွင် လှုပ်ရှားနေသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

၁၇။ "ကလေး၊ စောလျင်သောနှင့် အဓမ္မ လက်ထပ်မှုများ ၂၀၃၀ တွင် ဖယ်ရှားရေး" နှင့် "အဓမ္မလုပ်အား ဖယ်ရှားရန်၊ ခေတ်သစ်ကျွန်ပြုမှုနှင့် လူကုန်ကူးမှု အဆုံးသတ်ရန် ထိရောက်သော အရေးယူဆောင်ရွက်မှုများ" ကို အစဉ်လိုက် တောင်းဆိုထားသော ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ ၅.၃ နှင့် ၈.၇ တို့ကို မြှင့်တင်ရန်။ အဓမ္မလက်ထပ်စေခြင်း၊ လူကုန်ကူးခြင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်း၊ နှင့် အရွယ် မတိုင်သည့် (Early) မိခင်နှင့် မွေးကင်းစကလေး ကျန်းမာရေး ရလာဒ်များ၏ အပြန်အလှန် ဆက်စပ်နေသော ကိစ္စရပ်များကို ဖြေရှင်းရန် ကဏ္ဍပေါင်းစုံပါဝင်သော အစီအစဉ်များကို ရေးဆွဲ ဖော်ထုတ်ရန်။

၁၈။ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံများရှိ လူထုလူမှု အဖွဲ့အစည်းများတလျှား အချက်အလက်များ ဝေမျှရန် သားကောင် ဖော်ထုတ်ခြင်းနှင့် ပူးတွဲအစီရင်ခံခြင်း နည်းနာများအတွက် စံချိန်စံညွှန်း သတ်မှတ်ထားသော

အညွှန်းများ ရေးဆွဲ ဖော်ထုတ်ရန်။ ရွှေ့ပြောင်းမှုခရီးစဉ်များ နှင့် နိုင်ငံခြားသားများအကြား လက်ထပ်မှု အများစုသည် တရားမဝင်ပဲ တရားဝင် စာရင်းဇယားများတွင် ပါဝင်ခြင်းမရှိပဲ ဖြစ်နိုင်သောကြောင့် အစီအစဉ်များနှင့် မူဝါဒများကို အသိပေးရန် အထောက်အထားများကို အားဖြည့်စေခြင်းအတွက် ဤကိစ္စသည် အထူးပင် အရေးကြီးသည်။

၁၉။ ဘေးကင်းလုံခြုံမှု မရှိသော ရွှေ့ပြောင်းမှုနှင့် မြန်မာအမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ အဓမ္မလက်ထပ်စေခြင်းကိုကာကွယ်ရန်အစီအစဉ်များအကောင်အထည်ဖော်ရန်။ယင်းတွင်ရွှေ့ပြောင်းသူများကို ကာကွယ်မှု အသိပညာနှင့် ကျွမ်းကျင်မှုများကို ပြင်ဆင်ပေးသော မထွက်ခွာမီ သင်တန်းများ၊ မရွှေ့ပြောင်းမီနှင့် ရွှေ့ပြောင်းမှု နောက်ပိုင်း နှစ်ခုစလုံးအတွက် အလုပ်အကိုင် သင်တန်းများ၊ အလုပ်ရွှေ့ပြောင်းမှုအတွက် စံနမူနာ သဘောတူစာချုပ်များ၊ နှင့် နယ်စပ်ဖြတ်ကျော် လက်ထပ်ခြင်းများအတွက် လူမှု စာရင်းသွင်းခြင်း အပါအဝင် အကောင်းဆုံး အလေ့အထများကို မြှင့်တင်ခြင်း နှင့် ပိုမိုကျယ်ပြန့်သော လူထု အသိပညာတိုးမြှင့်ရေး လှုံ့ဆော်လုပ်ဆောင်မှုများ ပါဝင်သည်။

၂၀။ အဓမ္မလက်ထပ်စေခြင်း၊ အဓမ္မ ကလေးရယူစေခြင်း နှင့်/သို့ လူကုန်ကူးခြင်းတို့မှ ရှင်သန် လွတ်မြောက်လာသူများကို ကာကွယ်မှုနှင့် လူမှုရေးဆိုင်ရာ ပံ့ပိုးမှုများ ပေးရန်။ ယင်းတွင် တရုတ်နိုင်ငံရှိ အမျိုးသမီးများအတွက် ကယ်ဆယ်ရေး အစီအစဉ်များ၊ နှစ်နိုင်ငံစလုံးတွင် အမျိုးသမီး စင်တာများ နှင့် လုံခြုံသော ဂေဟာများ၊ နှစ်သိမ့်ဆွေးနွေးခြင်း အစီအစဉ်များ ပါဝင်သည်။

၂၁။ အဓမ္မလက်ထပ်စေခြင်းကို ဖြစ်ပေါ်စေသော လူမှု စီးပွားဆိုင်ရာ အကြောင်းအရာများကို ဖယ်ရှားနိုင်ရန် လူမှုရေးနှင့် ဘေးကင်းလုံခြုံသော ကွန်ရက်များကို သင့်လျော်သလို တိုးချဲ့နိုင်ရန် အဓမ္မ လက်ထပ်စေခြင်းကို ဆုံးဖြတ်ချက်ပေးသော အကြောင်းအရာများအပေါ် နောက်ထပ် သုတေသနပြုမှုများအား ပံ့ပိုးမှု ပေးရန်။ ပိုမို ညီမျှမှုရှိသော ကျား-မဆိုင်ရာနှင့် မိသားစု ဆက်ဆံရေးများ နှင့် ဒေသခံ အုပ်စုများအတွင်း “အပြုသဘောဆောင်သော မတူကွဲပြားမှုများ”ကို ဖော်ထုတ်ရန်နှင့် ယဉ်ကျေးမှုနှင့် ကိုက်ညီသော အပြုသဘောဆောင်သည့် စံချိန်စံညွှန်းများကို ချဲ့ထွင်ရန် သုတေသန လုပ်ခြင်းသည် တန်ဖိုး ရှိပေလိမ့်မည်။

# About KWAT

Kachin Women's Association Thailand (KWAT) is a non-profit-making organization working on behalf of Kachin women. We have a vision of a Kachin Areas where all forms of discrimination are eliminated; where all women are empowered to participate in decision making at a local, national and international level; and where all Kachin children have the opportunity to fulfill their potential.

## MISSION

Ensure the empowerment and advancement of Kachin women in order to improve the lives of women and children in Kachin society.

## VISION

As a non-profit organization working in behalf of Kachin women, KWAT has a vision of a Kachin State where: all forms of discrimination are eliminated, all women are empowered to participate in decision making at a local, national and international level, all Kachin children have the opportunity to fulfill their potential.

## VALUES

KWAT is committed to meeting the needs of the Kachin community by promoting equality, respect, human dignity, and independence. KWAT strives for the development of KWAT as a strong organization, based upon unity and trust through transparency and honesty. As individuals, KWAT is committed to working together with love, patience, wisdom and sacrifice.

## STRATEGIC AIMS

01 Promote women's rights, children's rights, and gender equality.

02 Promote women's participation in decision-making, politics, and the peace and reconciliation process.

03 Promote youth leadership to build a just and peaceful society.

04 Oppose all forms of violence against women, including human trafficking.

05 Provide health education and services in addition to establishing health policies for women and children.

06 Promote women's awareness of how to manage and protect the environment.

## Contact Us

Kachin Women's Association Thailand
P.O.Box 415 Chiang Mai 50000, Thailand

Email: kwat.secretariat@gmail.com
kwat.office@gmail.com

Mobile: +66(0) 89 755 9892